စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၁၂/၂၀၂၁

## ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ သတင်းခေါင်းစဉ်များ

**ပြည်တွင်းဈေးကွက်**

- ဧရာဝတီတိုင်းဒေသကြီး တစ်ပတ်အတွင်း မတ်ပဲဈေးနှုန်းအခြေအနေ နှင့် အိန္ဒိယဈေးကွက်အလားအလာ
- ပူတာအိုဒေသထွက် ကျောက်ကြမ်းပိုးကောင်များကို တရုတ်ပြည်က နှစ်စဉ်ဈေးကောင်းပေးဝယ်နေသဖြင့် ရှာဖွေသူများပြားကာ ရှားပါးမှုကြုံတွေ့နေရ

**နိုင်ငံတကာဈေးကွက်**

- ဘရာဇီးနိုင်ငံ၏ ဆန်တန်ချိန် ၁ ဒသမ ၂ သန်းထိ တင်ပို့နိုင်ရန်မျှော်မှန်းထား
- တရုတ်ကြက်သွန်ဖြူ ဗီယက်နမ်ပြည်တွင်းဈေးကွက်မှာ အနိုင်ယူ
- WTO ၏ကိုင်တွယ်လုပ်ဆောင်မှုများ ပြန်လည်သုံးသပ်သင့်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြား
- e-Conomy SEA Report 2021 ရှင်းလင်းမိတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်း
- အမေရိကန်တွင် ထောက်ပံ့သယ်ယူပို့ဆောင်မှုအခက်အခဲများကြောင့် အလုပ်ကြွေးများလျှော့ချနိုင်ရန် အိမ်ဖြူတော်က လုပ်ငန်းစီမံချက်တစ်စောင်ကိုထုတ်ပြန်ခဲ့

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ငါးပုစွန်ရေထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် စက်ရုံ ၁၀၀ ကျော်ထုတ်လုပ်လျက်ရှိ
- ပြည်ပမှ တင်သွင်းသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုသောကုန်စည်လိုင်းများအဖြစ် သတ်မှတ်ထုတ်ပြန်ခြင်း

**ပြည်ပကုန်သွယ်မှုသတင်း**

- ၂၀၂၄ ခုနှစ်မတိုင်မီ ပြန်လည်နိုးထနိုင်ဖွယ်မရှိသည့် ဥရောပ၏ ခရီးသွားလုပ်ငန်းကဏ္ဍ
- တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်နယ်စပ်ဂိတ်အား ၂၀၂၂ ခုနှစ် ဇွန်လကုန်တွင် အပြည့်အဝပြန်လည် ဖွင့်လှစ်နိုင်မည်
- ASEAN-Korea Startup week အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ထွန်းသစ်စ Startup ကုမ္ပဏီများက နှစ်နှစ်ဆက်တိုက်ဆုများဆွတ်ခူးရရှိခဲ့
- ATIGA e-Form D များ ယာယီရပ်တန့်အသိပေးကြေညာချက်

**အထူးဆောင်းပါးများ**

- ဂျာမနီနိုင်ငံ၏သရက်သီးဈေးကွက်အားလေ့လာခြင်း

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၆၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

## ဧရာဝတီတိုင်းဒေသကြီး တစ်ပတ်အတွင်း မတ်ပဲဈေးနှုန်းအခြေအနေနှင့် အိန္ဒိယဈေးကွက်အလားအလာ

ဧရာဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲဈေးနှုန်းများ အတက်အကျများစွာမရှိပဲ ဈေးတန်းတစ်ခုတွင် တည်ငြိမ်လျက်ရှိသည်။ ပြည်တွင်းငွေကြေးဈေးနှုန်းအတက်အကျနှင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲဈေးနှုန်း အပြောင်းအလဲများပေါ်မူတည်၍ ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှုရှိသည်မှလွဲ၍ အလွန်အမင်းဈေးပြောင်းမှုမရှိကြောင်း တွေ့ရသည်။

တစ်ပတ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် တစ်တင်းလျှင် ကျပ် ၄၆၂၀၀၊ ၂၇ ရက်နေ့တွင် ကျပ် ၄၇၀၀၀၊ ၂၈ ရက် နေ့တွင် ကျပ် ၄၆၂၀၀၊ ၂၉ ရက်နေ့တွင် ကျပ်၄၆၇၀၀၊ ၃၀ ရက်နေ့တွင် ကျပ် ၄၆၇၀၀ နှင့် ဒီဇင်ဘာ ၁ ရက်နေ့တွင် ကျပ် ၄၆၅၀၀-၄၆၇၀၀ အသီးသီးဖြစ်သည်။

ယခင်သီတင်းပတ်ကာလများအတွင်း တစ်တင်းဈေးနှုန်း ကျပ် ၄၅၀၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုနောက်ပိုင်းရက်များအတွင်း တစ်တင်းဈေးနှုန်း ကျပ် ၄၆၀၀၀ ကျော်တွင်ရပ်တည်နေသည်။ နိုဝင်ဘာ ၂၅ ရက်နေ့ထုတ်ပြန်ချက်အရ ချန်နိုင်းဈေးကွက်တွင် မတ်ပဲ FAQ ဈေးနှုန်း ၅၀ ရူပီးခန့်ဈေးတက်လာသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့တွင် မတ်ပဲသစ်များပေါ်နေပြီဖြစ်ပြီး လက်ရှိ မတ်ပဲ FAQ (ဟောင်း)၏ FOB ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၇၉၅-၈၁၅ ဖြစ်ပြီး မတ်ပဲအသစ် FAQ ၏ FOB ဈေးနှုန်း အမေရိကန်ဒေါ်လာ ၈၁၀-၈၃၀ ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံ၏ ပြည်တွင်းပဲစိုက်ပျိုးမှုအခြေအနေမှာလည်း စိုက်ပျိုးဧရိယာများတိုးချဲ့လာရင်း ထပ်မံတိုးချဲ့ရန်ဧရိယာနည်းပါးလာခြင်း၊ ရာသီဥတုအခြေအနေ၊ ပြည်တွင်းစားသုံးမှုပမာဏတို့ အပေါ်မူတည်၍ ပဲမျိုးစုံလိုအပ်ချက် မြင့်တက်လာနေသည်။ ပဲမျိုးစုံတင်ပို့ရောင်းချနေသည့် ယှဉ်ပြိုင်ဘက်နိုင်ငံများအနေဖြင့်လည်း ဤအချက်ကို အခွင့်အလမ်းတစ်ခုအနေဖြင့် စောင့်ကြည့်လေ့လာလျက်ရှိသည်။

မြန်မာပဲစိုက်တောင်သူများအတွက် အလားအလာကောင်းသောအခွင့်အလမ်းတစ်ခုအဖြစ် မတ်ပဲအပါအဝင် ပဲမျိုးစုံတင်ပို့ရောင်းချမှုတိုးမြှင့်နိုင်ရန်လိုအပ်ပြီး၊ ထိုက်သင့်သောဈေးနှုန်းတစ်ခုဖြင့် ပမာဏများများတင်ပို့ ရောင်းချနိုင်ရန် လိုအပ်လာပြီဖြစ်ကြောင်း သုံးသပ်ရပါသည်။

Source: ဧရာကုန်သွယ်မှုဇဟိုဌာန

## ကချင်ပြည်နယ်ပူတာအိုဒေသထွက် ကျောက်ကြမ်းပိုးကောင်များကို တရုတ်ပြည်က နှစ်စဉ်ဈေးကောင်းပေးဝယ်နေသဖြင့် ရှာဖွေသူ များပြားကာ ရှားပါးမှုကြုံတွေ့နေရ

ကချင်ပြည်နယ် ပူတာအိုဒေသထွက်ကျောက်ကြမ်းပိုးကောင်များကို တရုတ်ပြည်က နှစ်စဉ်ဈေးကောင်းပေးဝယ်နေသဖြင့် ရှာဖွေသူများပြားကာရှားပါးမှုကြုံတွေ့နေကြောင်း သတင်းရရှိသည်။ ယင်းဈေးကောင်းပေးဝယ်မှုကို လွန်ခဲ့သည့် ၂၀၁၇၊ ၂၀၁၈ ခုနှစ်မှစတင်ကာ တဖြည်းဖြည်းတွင်ကျယ်လာခြင်းဖြစ်ပြီး ကျောက်ကြမ်းပိုးများဖမ်းရလွယ်ကူသည့် နိုဝင်ဘာလဆန်းပိုင်းမှစတင်ကာ မလိခမြစ်ကမ်းနှင့် ကျောက်ခဲပေါများသည့် တခြားချောင်းကြီးများတွင် ဖမ်းယူရကြောင်း ဒေသခံများကပြောကြားသည်။ ကျောက်ကြမ်းပိုးကို ကျောက်တုံး၊ ကျောက်ခဲများလှန်၍လည်းကောင်း၊ ညနေပိုင်းတွင် ပိုက်စိပ်မယ်များဖြင့်လည်းကောင်း ဖမ်းယူနေကြခြင်း ဖြစ်ကြောင်းသိရသည်။

ကျောက်ကြမ်းပိုးရှာသူ ကိုတန်ရှင်ဖုန်က “ကျောက်ကြမ်းပိုးကအရင်ကလိုပူတာအိုနားက ချောင်းတွေနားမှာ အများကြီးမရနိုင်တော့ဘူး။ တစ်ညအိပ်၊ နှစ်ညအိပ်သွားပြီး ချောင်းဖျားမှာသွားရှာရတာ အရင်လေးငါးနှစ်ကတော့ တစ်ထောင်ကျပ်ဖိုးနို့ဆီသုံးဘူးရသေးတယ်။ တရုတ်ဘက်ကဝယ်တော့ ဈေးတွေတက်။ ရှာသူတွေများလို့ဖြစ်တာ။ အခုရှားသလိုမျိုးဖြစ်သွားပြီ။ ကျောက်ကြမ်းပိုး မနှစ်ကထက်ဈေးကောင်းနေတယ်။ နို့ဆီတစ်ဘူး ရှစ်ထောင်ကျပ်၊ တစ်သောင်းကျပ်ဖြစ်နေတာ။ ဒေသခံတွေအဲဒီဈေးနဲ့မစားနိုင်ဘူး။ တရုတ်ပြည်ပို့ကြတာပေါ့။ ပိုက်နဲ့တန်းတာက နေ့တိုင်းမထွက်ဘူး။ တစ်ပတ်တစ်ရက်လောက်ပဲအထွက်များတာ” ဟုပြောကြားသည်။ ကျောက်ကြမ်းပိုးမှာ အကောင်အကြီးနှင့်အသေးမျိုးရှိရာတွင် အသေးမျိုးမှာ ဈေးပိုရကြောင်း၊ တစ်ပိဿာလျှင်ကျပ် တစ်သိန်းသုံးသောင်းဝန်းကျင်တွင် ဈေးပေါက်နေပြီး ဒေသခံများအတွက် ဝင်ငွေတစ်ခုဖြစ်နေကြောင်း ဒေသခံများကဆိုပါသည်။ ပူတာအိုဒေသခံ ဦးအားဒီးက“ ကျွန်တော်တို့က အရင်က ဒီအကောင်ကို ငရုတ်သီးထောင်းစားတယ်။ အနံ့ပြင်းပြင်းရှိတယ်။ အရသာက ပုရစ်ထက်အဆိမ့်ပိုတယ်။ အရှင်က အသေထက်ပိုပြီးအလေးချိန်ရှိတယ်။ မျက်စိထဲဝင်ရင်မျက်စိထိတယ်။ ပုရစ်လိုလှော်ထားလို့လည်းရတယ်။ တချို့ကအရက်စိမ်ကြတယ်။ ဟင်းချိုထဲ အမွှေးအကြိုင်သဘောထည့်ခတ်တယ်။ တရုတ်တွေကတော့ ဆေးဖက်ဝင်တယ်ပြောကြတယ်။ တွေ့ရတာက နိုဝင်ဘာကနေ ဒီဇင်ဘာလတွေမှာအများဆုံးတွေ့ရတတ်တယ်။ မတ်လကုန်ရင်တော့ ချောင်းရေတွေလည်းတက်ပြီ။ မိုးလည်းရွာပြီဆိုတော့ မတွေ့ရတော့ဘူး။ အရင်ကတော့ မြစ်ကြီးနားကိုလမ်းမကောင်းတော့ မရောင်းရဘူး။ အခုကလမ်းကောင်းတော့ ဈေးကွက်ဖြစ်နေတာပေါ့”

ဟု ဆိုသည်။ ယခင်ကာလများက ကျောက်ကြမ်းပိုးကို မြစ်ဆုံဒေသဝန်းကျင်တွင် ပေါများစွာတွေ့ခဲ့ရသော်လည်း ရွှေကျင်သည့် လုပ်ငန်းများ များစွာလုပ်ကိုင်ခဲ့ခြင်း၊ မြစ်ချောင်းအနီးတစ်ဝိုက်တောပြုန်းခြင်းများကြောင့် ကျောက်ကြမ်းပိုးကောင်များ အတွေ့ ရနည်းလာရကြောင်းသိရသည်။

Source:https://news-eleven.com/article/220088

## နိုင်ငံတကာဈေးကွက်

### ဘရာဇီးနိုင်ငံ၏ ဆန်တန်ချိန် ၁ ဒသမ ၂ သန်းအထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း

၂၀၂၁ ခုနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၂ သန်းအထိ တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း ဆန်စက်လုပ်ငန်းရှင်များ အသင်း(Brazilian Rice Industry Association - Abiarroz) က ပြောကြားခဲ့သည်။ ဘရာဇီးလ်နိုင်ငံမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဆန်တန်ချိန် ၉၅၈,၀၀၀ တန်အား တင်ပို့ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၁ ဒသမ ၆၈ သန်းအား တင်ပို့နိုင်ခဲ့ကြောင်း အသင်းကပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ စည်းကမ်းကန့်သတ်ချက်များရှိနေသော်လည်း ဆန်တင်ပို့မှုသည် ၂၀၁၉ ခုနှစ်တွင်တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၁ ဒသမ ၄၃ သန်းကို ပြည့်မီနိုင်ကြောင်း ဆန်စက်အသင်းမှ ပို့ကုန်မန်နေဂျာ Carolina Matos က ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလံထူချိန်တွင် သင်္ဘောတင်ခများသိသာစွာဈေးနှုန်းမြင့်တက်မှုကြောင့် ကမ္ဘာ့ တစ်ဝန်းရှိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အကျိုးသက်ရောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံမှ ကျူးဘား၊ ဗင်နီဇွဲလား၊ ဆီနီဂေါ၊ ဆီယာလီယွန်နှင့် တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၈ နိုင်ငံသို့ ဆန်များအဓိကတင်ပို့လျက် ရှိပြီး ဆန်စက်လုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း ဈေးကွက်အသစ်များတိုးတက်ရရှိရေးအတွက် ကြိုးစားလုပ်ဆောင်လျက် ရှိကြောင်း Matos က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် - canalrural.com.br

Source: ထွန်းအောင်ဇော်-စီးပွားရေးသံမှူး- ဘရာဇီး

### တရုတ်ကြက်သွန်ဖြူ ဗီယက်နမ်ပြည်တွင်းဈေးကွက်မှာ အနိုင်ယူ

ဗီယက်နမ်နိုင်ငံမှ တရုတ်ပြည်သို့တင်ပို့တဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေအပေါ် တရုတ်အာဏာပိုင်တို့က စစ်ဆေးမှုများ တင်းကျပ်ထားပြီး လုပ်ထုံးလုပ်နည်းလိုအပ်ချက်အမျိုးမျိုးကို ပြဌာန်းထားပါတယ်။

ဗီယက်နမ်နိုင်ငံမှ တရုတ်ပြည်သို့ စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့ဖို့ ပိုခက်ခဲလာပါတယ်။ တရုတ်ပြည်မှ ဗီယက်နမ်သို့ စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့နေတာမှာတော့ လွယ်ကူနေဆဲဖြစ်ပါတယ်။ ယခုနှစ် ပထမ ၁၀ လ အတွင်းမှာ ဗီယက်နမ်က တရုတ်ပြည်မှသစ်သီးနဲ့ဟင်းသီးဟင်းရွက်အမေရိကန်ဒေါ်လာ ၃၁၅ သန်းဖိုးတင်သွင်းခဲ့ပါတယ်။ ၂၀ ရာခိုင်နှုန်းကကြက်သွန်ဖြူ တင်သွင်းခဲ့တာဖြစ်ပြီးတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၃ သန်းဖိုး ဖြစ်ပါတယ်။

တရုတ်ပြည်မှတင်ပို့တဲ့ကြက်သွန်ဖြူတွေ ဗီယက်နမ်ပြည်တွင်းဈေးကွက်ကိုလွှမ်းမိုးထားပါတယ်။ တရုတ်ကြက်သွန်ဖြူ က ဗီယက်နမ်ပြည်တွင်းထွက် ကြက်သွန်ဖြူထက် အရည်အသွေးပိုကောင်းပြီး ဈေးလည်းသက်သာတယ်။ ဟိုချီမင်းမြို့တော်မှာ ကောက်ခံခဲ့တဲ့စစ်တမ်းအရ တရုတ်ပြည်မှတင်သွင်းတဲ့ သစ်သီးနဲ့ဟင်းသီးဟင်းရွက်တွေထဲမှာ ကြက်သွန်ဖြူက အဝယ်အလိုက် ဆုံးဖြစ်ပါတယ်။ ဟိုချီမင်းမြို့တော်မှ စားသောက်ဆိုင်တွေက တရုတ်ကြက်သွန်ဖြူကိုကြိုက်ကြတာ အရည်အသွေးကောင်းတာ ကြောင့်သာမက ဈေးကခေါက်ချိုးသက်သာနေလို့ ဖြစ်ပါတယ်။

တရုတ်ကြက်သွန်ဖြူ တင်သွင်းတဲ့ဈေးက တစ်ဈေးတည်းဖြစ်ပေမဲ့ ရောင်းဈေးက ဒေသအလိုက်ကွာခြားတယ်။ တချို့ နေရာတွေမှာ တစ်ကီလို ဒေါင် ၃၀၀၀၀ ၊ တချို့နေရာတွေမှာ ဒေါင် ၆၀၀၀၀ စသဖြင့် ကွဲပြားနေပါတယ်။ ကုန်သည်တွေက ဝယ်လိုအားအရဈေးသတ်မှတ်ရောင်းချကြတယ်။ ဈေးဆိုင်ငယ်တွေက အရောင်းသွက်တဲ့ တရုတ်ကြက်သွန်ဖြူကိုပဲ ဆိုင်မှာတင် တယ်။ အရောင်းထိုင်းတဲ့ ဗီယက်နမ်ကြက်သွန်ဖြူကိုမတင်ကြဘူး။ ဗီယက်နမ်ကြက်သွန်ဖြူတွေ ဈေးကွက်ပျောက်ပြီး နေရာမရ ဖြစ်နေကြလို့ ဗီယက်နမ်အစိုးရကို တရုတ်ကြက်သွန်ဖြူတင်သွင်းမှုအပေါ် စိစစ်ကြပ်မတ်ပေးဖို့ တောင်းဆိုသံထွက်ပေါ်နေ ပါတယ်။ Source: Dsdss

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4102?

## WTO ၏ ကိုင်တွယ်လုပ်ဆောင်မှုများ ပြန်လည်သုံးသပ်သင့်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးကပြောကြား

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO ၌ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အထူးနှင့်သီးခြား သက်သာခွင့်များပေးအပ်ရေး ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများမှာ သင့်တင့်မျှတမှုမရှိသည့်အားလျော်စွာ WTO အနေဖြင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ကိုင်တွယ်လုပ်ဆောင်မှုများအား ပြန်လည်သုံးသပ်သင့်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Piyush Goyal က ပြောကြားလိုက်ပါသည်။

၁၈-၁၁-၂၀၂၁ နေ့၌ နယူးဒေလီမြို့တွင် အိန္ဒိယစက်မှုလုပ်ငန်းရှင်များအသင်းချုပ် CII က စီစဉ်ကျင်းပသည့် CII Global Economic Policy Summit ၏ အပြန်အလှန်ဆွေးနွေးပွဲ အစီအစဉ်သို့တက်ရောက်ရာတွင် ဝန်ကြီး Mr. Piyush Goyal က ၎င်းအနေဖြင့် ကုန်သွယ်ရေးကိစ္စရပ်များအပေါ် WTO ၌ လုပ်ကိုင်ဆောင်ရွက်မှုများမှာ မျှတမှုမရှိဟု ရှုမြင်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအား ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်စဉ်းစားရမည့် ဆွေးနွေးမှုများကို နားလည်နိုင်ကြောင်း၊ သို့ရာတွင် လူတစ်ဦးကျဝင်ငွေ ဒေါ်လာ ၆၀၀ မှ ၃၀၀၀ အကြားသာရှိသော နိုင်ငံများအား တစ်ဦးကျဝင်ငွေ ဒေါ်လာ ၆၀၀၀၀ မှ ၈၀၀၀၀ အထိမြင့်မားသောနိုင်ငံများနှင့် တစ်တန်းတည်းထားလျက် အချို့သောသီးခြားသက်သာမှု အခွင့်အရေးများရရှိနိုင်ခြင်းမရှိအောင် ပိတ်ပင်မှုဖြစ်စေသော လုပ်ငန်းဆောင်ရွက်မှုအလေ့အထများသည် လွန်စွာတရားမျှတမှုမရှိသည့်ကိစ္စပင်ဖြစ်ကြောင်း၊ အချို့သောနိုင်ငံများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား ပွင့်လင်းမြင်သာစွာနှင့်မျှတမှုရှိစွာဖြင့် အစစ်အမှန်ဆောင်ရွက်ခြင်းရှိမရှိကို ယနေ့ကမ္ဘာကြီးသည်ဆန်းစစ်ရန်လိုအပ်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများသည်သန့်ရှင်းစင်ကြယ်ပြီး ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့် နည်းပညာရပ်များပံ့ပိုးခြင်းကဲ့သို့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ(SDGs)နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာရည်မှန်းချက်ပန်းတိုင်များသို့ရောက်ရှိရေး ၎င်းတို့၏တာဝန်ဝတ္တရားများအပေါ် ပိုမိုအလေးပေး ဆောင်ရွက်သင့်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ဖွံ့ဖြိုးမှုအနည်းဆုံးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား အချို့သောအကျိုးခံစားခွင့်များရရှိစေမည့် အထူးနှင့်သီးခြားသက်သာခွင့်ပေးအပ်မှုအစီအမံများ ပြဋ္ဌာန်းထားရှိရာ ၎င်းခံစားခွင့်များ၌ အကျုံးဝင်ရန်အတွက် မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို ၎င်းအားဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် အဆိုပြုသတ်မှတ်နိုင်ခွင့်ရှိပါသည်။ သို့ရာတွင် အမေရိကန်နိုင်ငံက ထိုကဲ့သို့ မိမိကိုယ်ကိုသတ်မှတ်ကြေညာခြင်းသည် WTO ၏ စေ့စပ်ညှိနှိုင်းမှုများကို ကျရှုံးမှုလမ်းကြောင်းပေါ်သို့ရောက်ရှိစေပြီး အဖွဲ့အစည်းဆိုင်ရာ ဆီလျော်မှုမရှိကြောင်း အဆိုပြုထားပါသည်။ အိန္ဒိယနိုင်ငံကမူ အဆိုပါကိစ္စရပ်အား WTO ၌ ပိုမို ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းလျက်အထူးနှင့်သီးခြားသက်သာခွင့်များပေးအပ်မှုနှင့်စပ်လျဉ်း၍အများစုဆန္ဒသဘောထားနှင့်ကိုက်ညီသည့်ဆုံးဖြတ်ချက်တစ်ရပ် ရယူဆောင်ရွက်သင့်ကြောင်း အဆိုပြုထားပါသည်။

Source: 1. Unfair to link WTO reforms with S&DT, says Piyush Goyal, 19-11-2021, Economic Times

2. "WTO needs to reassess the way it has been conducting its affairs", says Shri Piyush Goyal, 18-11-2021, Press Information Bureau of India

Source: နေအေးလွင်-စီးပွားရေးသံမှူး-အိန္ဒိယ

## e – Conomy SEA Report 2021 ရှင်းလင်းမိတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်း

Google၊ Temasek Bain & Company တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့သည့် "e-Conomy SEA Report 2021" ရှင်းလင်းမိတ်ဆက်သည့် အခမ်းအနားသို့ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ Google DC ရုံးချုပ်တွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့၊ နံနက် ၈၃၀ နာရီမှ ၁၀၀၀ နာရီထိ ကျင်းပခဲ့ရာ မြန်မာသံအမတ်ကြီးနှင့် စီးပွားရေးသံမှူးတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါအစီရင်ခံစာကို Consumers cruise into a new way of life၊ Digital merchants take off, Resilience gives way to resurgence၊ Funding on track to reach new heights နှင့်The twenties roar towards a trillion ဟူ၍ အပိုင်း(၅)ပိုင်းဖြင့် ပြုစုထားခြင်းဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနေနှင့် ကြုံကြိုခံသည့်အခြေအနေမှ စီးပွားရေးပြန်လည်နိုးကြားလာရေး-၂၀၃၀ ပြည့်နှစ်တွင် ရောင်းချမှုတန်ဖိုး (Gross merchandise value-GMV) အမေရိကန်ဒေါ်လာ တစ်ထရီလီယံထိ ရောက်ရှိရန် ရည်မှန်းထားဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ၂၀၂၀ ပြည့်နှစ်မတိုင်မီကာလတွင် ဒစ်ဂျစ်တယ်သုံးစွဲမှုထက် ကပ်ရောဂါကာလတွင် ပိုမိုသုံးစွဲလာကြကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အင်တာနက်စတင်သုံးစွဲသူ သန်း ၄၀ ထိရလာ၍ အင်တာနက်သုံးစွဲသူစုစုပေါင်း ၄၄၀ သန်းထိရှိပြီး ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်းထိရှိပြီဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အင်တာနက်သုံးစွဲသူဦးရေ ၃၆၀ သန်း၊

၂၀၂၀ ပြည့်နှစ်တွင် သန်း ၄၀၀ နှင့် ၂၀၂၁ ခုနှစ်တွင် ၄၄၀ သန်းထိရှိလာပြီး တစ်နှစ်လျှင် သန်း ၄၀ စီတိုးပွားလာသည်ကို လေ့လာတွေ့ရှိထားကြောင်း၊ အဆိုပါ အင်တာနက်သုံးစွဲသူ ၁၀ ဦးအနက် ၈ ဦးသည် အနည်းဆုံးတစ်ကြိမ် အွန်လိုင်းမှ ဝယ်ယူသုံးစွဲကြကြောင်း၊ အနည်းဆုံးတစ်ကြိမ် အွန်လိုင်းမှ ဝယ်ယူသုံးစွဲသူဦးရေ ၃၅၀ သန်းရှိပြီး အင်တာနက် သုံးစွဲသူစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းရှိကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ၇၁ ရာခိုင်နှုန်းရှိပြီး သိသိသာသာတိုးတက်လာကြောင်း၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု သုံးစွဲမှုသည်လည်း ယမန်နှစ်ကထက် များလာကြောင်း၊ ကပ်ရောဂါကာလအတွင်း ဒစ်ဂျစ်တယ်စတင်သုံးစွဲသူ သန်း ၆၀ ထိရှိကြောင်း စသဖြင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဒစ်ဂျစ်တယ်သုံးစွဲမှုများကို သုတေသနပြုလေ့လာတွေ့ရှိချက်အား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အင်တာနက်သုံးစွဲသူများပြားလာသည့်အလျောက် ဒစ်ဂျစ်တယ်ရောင်းဝယ်သူများ (Digital merchants) များပြားလာကြကြောင်း၊ ဒစ်ဂျစ်တယ်ရောင်းဝယ်သူ ၃ ဦးအနက် ၁ ဦးသည် ကပ်ရောဂါကာလတွင် ဒစ်ဂျစ်တယ်စင်မြင့် (Digital platforms) မရှိဘဲ မရှင်သန်နိုင်ဘူးဟု ယုံကြည်လာကြကြောင်း၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး (e-commerce) နှင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများ (Digital financial services)သည် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်လျက်ရှိပြီး အရေးပါသည့်အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစီရင်ခံစာအား https;//economysea.withgoogle.com/ တွင် ရယူနိုင်ကြောင်း သိရပါသည်။

Source: ခင်မြမြထွေး-စီးပွားရေးသံမှူး(အမေရိကန်)

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ငါးပုစွန်ရေထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် စက်ရုံ ၁၀၀ ကျော်မှ ထုတ်လုပ်လျက်ရှိ

ပြည်တွင်း၌ ငါး၊ ပုစွန်ရေထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် စက်ရုံ ၁၀၀ ကျော်မှ ထုတ်လုပ်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။ ပြည်တွင်း၌ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံ ၁၂၄ ရုံရှိပြီး ရန်ကုန်မြို့၌ ၇၅ ရုံရှိကြောင်း၊ ယင်းစက်ရုံများ၌ ရေထွက်ကုန်များထုပ်ပိုးပြုပြင်ပြီး ပြည်ပတင်ပို့သည့်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီရန် လိုက်နာရမည့် Guidelines ကို ငါးလုပ်ငန်းဦးစီးဌာနမှ လေးလတစ်ကြိမ် သို့မဟုတ် ခြောက်လတစ်ကြိမ် စစ်ဆေးကြောင်း သိရသည်။ "ပြည်တွင်းမှာ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်တဲ့စက်ရုံ ၁၂၄ ရုံရှိပါတယ်။ ရန်ကုန်မြို့မှာ ၇၅ ရုံရှိပါတယ်။ အဲဒီစက်ရုံတွေမှာ ကောင်းမွန်သောထုတ်လုပ်မှုစနစ်(GMP)) ကို လိုက်နာကျင့်သုံးရမယ်။ အဲဒီထက် နည်းနည်းမြင့်သွားရင် SSAP ဆိုတဲ့ Guidelines ရှိတယ်။ အာဆီယံမှာလည်း အာဆီယံ Guidelines နဲ့ အနောက်နိုင်ငံနဲ့ အရှေ့နိုင်ငံတွေမှာလည်း Guidelines ရှိတယ်။ ပြီးတော့မှ ISO 9001ဆိုတဲ့ စက်ရုံတွေလည်းရှိတယ်။ အဲဒီစက်ရုံအားလုံးကို ငါးလုပ်ငန်းဦးစီးဌာနက သွားရောက်စစ်ဆေးရတယ်"ဟု ၎င်းကပြောသည်။ မြန်မာနိုင်ငံ၌ ပင်လယ်ပြင်မှ ငါး၊ ပုစွန်များကို ဖမ်းဆီးခြင်း၊ မြစ်ချောင်းအင်းအိုင်များမှဖမ်းဆီးခြင်းနှင့် ကန်များ၌ ရေချိုငါး၊ ပုစွန်များမွေးမြူကြရာ ဖမ်းဆီးရမိသည့်ငါး၊ ပုစွန်များကိုသယ်ဆောင်ရာတွင် ငါးချဆိပ်ကမ်းများ၌လည်း နိုင်ငံတကာကသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သယ်ဆောင်သည့်အပြင် ပြုပြင်ထုတ်လုပ်သည့်စက်ရုံ၌လည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီထုပ်ပိုးရန် ငါးလုပ်ငန်းဦးစီးဌာနမှစစ်ဆေးကြောင်းသိရသည်။ "ရန်ကုန်မှာဆိုရင် စက်ရုံ ၇၅ ရုံကို သတ်မှတ်ထားတဲ့အဖွဲ့က ခြောက်လတစ်ကြိမ် ဒါမှမဟုတ် လေးလတစ်ကြိမ် စက်ရုံတွေမှာ သန့်ရှင်းမှု ရှိ၊ မရှိ စစ်ဆေးတယ်။ အစားအသောက်တွေပြုပြင်ထိန်းသိမ်းတဲ့အခါ ဝန်ထမ်းတွေ ဝတ်စုံ၊ နှာခေါင်းစည်း၊ လက်အိတ်ဝတ်ရတယ်။ သန့်စင်ခန်းသန့်ရှင်းမှုကအစ Guidelines နဲ့အညီလုပ်ဆောင်လားဆိုတာကို ငါးလုပ်ငန်းဦးစီးဌာနကစစ်ဆေးရတယ်။ နောက်ပြီးစက်ရုံကတင်ပို့တဲ့နိုင်ငံရဲ့ Guidelines ကိုစစ်ဆေးရတယ်။ နောက်ပြီးအဲဒီစက်ရုံတွေမှာ ပြုပြင်ထုတ်လုပ်ပြီးသားထုတ်ကုန်တွေကို ငါးလုပ်ငန်းဦးစီးဌာနရဲ့ဓာတ်ခွဲခန်းမှာ ဓာတ်ခွဲစစ်ဆေးပါတယ်"ဟု ၎င်းကပြောသည်။ Source: https://www.myawady.net.mm/node/18384

## ပြည်ပမှ တင်သွင်းသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုသောကုန်စည်လိုင်းများအဖြစ် သတ်မှတ်ထုတ်ပြန်ခြင်း

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနောက်ဆက်တွဲအနေဖြင့် စီးပွားရေးလုပ်ငန်းများတုံ့ဆိုင်းခြင်းကို ပြန်လည် ကုစားနိုင်ရန်၊ နိုင်ငံ၏ ပို့ကုန်တင်ပို့မှု၊ သွင်းကုန်တင်သွင်းမှုများ စနစ်တကျရှိစေရန်နှင့် ပြည်ပမှကုန်စည်များတင်သွင်းမှုအတွက် နိုင်ငံခြားငွေကြေးအသုံးပြုမှုကို ထိန်းညှိဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်ပမှတင်သွင်းသည့် ကုန်စည်အချို့ကို သွင်းကုန်လိုင်စင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထိုသို့ကုန်စည်လိုင်းများကို သွင်းကုန်လိုင်စင်စနစ်သို့ပြောင်းလဲကျင့်သုံးရာတွင် တင်သွင်းသည့်လုပ်ငန်းရှင်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်စေရန်အတွက် အဆင့်အလိုက်ခွဲခြား၍ လိုင်စင်လျှောက်ထားရန်လိုသောစာရင်းကို ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပထမအဆင့်အနေဖြင့် အီလက်ထရောနစ်ပစ္စည်း၊ စားသောက်ကုန်အချို့၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ စက္ကူပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့်သက်ဆိုင်သည့် ပူးတွဲပါ Customs Tariff of Myanmar အရ HS, Code 6 digit ဖြင့် ကုန်စည် ၁၄၂၈ လိုင်း သို့မဟုတ် HS. Code 10 digit ဖြင့် ကုန်စည် ၃၀၇၀ လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသောကုန်စည်လိုင်းများအဖြစ် **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍** သတ်မှတ်လိုက်သည်။

သို့ဖြစ်၍ ၂၂.၁၀.၂၀၂၀ ရက်နေ့တွင်ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၂၀ အရ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော HS. Code 10 digit ဖြင့် ကုန်စည်လိုင်း ၃၉၃၁ လိုင်းအပါအဝင် ပူးတွဲပါ HS Code များဖြင့် သတ်မှတ်ထားသောကုန်စည်များသည် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းများဖြစ်ကြောင်းနှင့် အထက်အပိုဒ် ၃ ပါ လိုင်စင်လျှောက်ထားရန်လို သော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း များမှတင်သွင်းရာတွင် **၂၀၂၂ ခုနှစ်ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍** လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော အထက်အပိုဒ်(၃)ပါ ကုန်စည်စာရင်းအား ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**

Source: https://www.logisticsguide.com.mm/en/industry-news/local-industry/225889-required-import-license-list.html?

## ပြည်ပကုန်သွယ်မှုသတင်း

### ၂၀၂၄ ခုနှစ်မတိုင်မီ ပြန်လည်နိုးထနိုင်ဖွယ်မရှိသည့် ဥရောပ၏ ခရီးသွားလုပ်ငန်းကဏ္ဍ

ဥရောပနိုင်ငံများစွာ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှုန်းမြင့်မားမှုကြောင့် နွေရာသီလများအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ၌တိုးတက်မှုများရှိလာခဲ့စေကာမူ ဥရောပ၏ခရီးသွားလုပ်ငန်းအခြေအနေသည် ၂၀၂၄ ခုနှစ်မတိုင်မီ ကပ်ရောဂါမဖြစ်ပွားမီက အဆင့်သို့ပြန်လည်ရောက်ရှိနိုင်မည် မဟုတ်ကြောင်းသိရပါသည်။

ကာကွယ်ဆေးများအောင်မြင်စွာထိုးနှံနေမှုအစီအမံများကြောင့် ၂၀၂၂ ခုနှစ်တွင် ခရီးသွားကန့်သတ်ချက်များကို ထပ်မံဖြေလျှော့နိုင်မည်ဖြစ်သော်လည်း ခရီးသွားလုပ်ငန်းကဏ္ဍ အပြည့်အဝပြန်လည်နာလန်ထူလာရန် အချိန်ကြာဦးမည်ဟု ဥရောပခရီးသွားကော်မရှင် (European Travel Commission-ETC) မှ နောက်ဆုံးထုတ်ပြန်သည့် ဥရောပခရီးသွားလုပ်ငန်း လားရာနှင့် အလားအလာများဆိုင်ရာအစီရင်ခံစာတွင်ဖော်ပြထားပါသည်။

ဥရောပခရီးသွားလုပ်ငန်းသည် ပြန်လည်နိုးထမှုလမ်းကြောင်းပေါ်တွင်ရှိနေသည်ဟုယူဆရသော်လည်း ခရီးရှည်ကို လျှောက်လှမ်းရဦးမည်ဟု ETC ၏ အမှုဆောင်အဖွဲ့မှ Jennifer Iduh ကဆိုသည်။ ခရီးသွားအရေအတွက်ပြန်လည် မြင့်တက်လာခြင်း၊ အီးယူပြင်ပနိုင်ငံများအတွက်ကန့်သတ်ချက်များဖြေလျှော့ပေးခြင်း၊ ဥရောပဆေးဝါးအေဂျင်စီမှအသိအမှတ်ပြုမထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုပါ အသိအမှတ်ပြုလာခြင်းတို့ ကြောင့်ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်နိုးထမှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းငင်းကထပ်လောင်းပြောကြားပါသည်။

အီးယူ၏ကိုဗစ်-၁၉ ဒစ်ဂျစ်တယ်အသိအမှတ်ပြုလက်မှတ်အသုံးပြုမှုကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအစောပိုင်းတွင်မိတ်ဆက်ခဲ့ခြင်းကြောင့် အီးယူနိုင်ငံများအတွင်း ခရီးသွားလာမှုကိုလွယ်ကူစေပြီး၊ ဒေသတွင်းဘေးကင်းလုံခြုံသော ခရီးသွားလာမှုကို ဖြစ်ပေါ်စေခဲ့ကာ နယ်စပ်ဖြတ်ကျော်သွားလာမှုလုပ်ငန်းစဉ်များကို ချောမွေ့စေရေးအကူအညီပေးခဲ့သည်ကိုတွေ့ရကြောင်း ETC ၏ အစီရင်ခံစာက ဖော်ပြထားပါသည်။

အီးယူအတွင်း ခရီးသွားလာမှုလွယ်ကူစေခြင်း၏အကျိုးဆက်အဖြစ် ဥရောပခရီးသွားဒေသများ၌ ဟိုတယ်အခန်းငှါးရမ်းရမှုသည် ၂၀၂၁ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိကာလ၌ ၂၀၂၀ ခုနှစ် နွေရာသီနှင့်ယှဉ်လျှင် မြင့်တက်လာခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ၂၀၂၁ ခုနှစ်အကုန်၌ ဥရောပသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ၂၀၁၉ ခုနှစ်ကထက် ၆၀ ရာခိုင်နှုန်း လျော့နည်းဖွယ်ရှိမည်ဟု ခန့်မှန်းထားပါသည်။

အီးယူအတွင်း လေကြောင်းခရီးသွားလာမှု ပြန်လည်မြင့်တက်လာသဖြင့် ခရီးသွားအရေအတွက် တိုးတက်လာခဲ့သော နွေရာသီလများ၌ပင်လျှင် ဥရောပခရီးသည်များ ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ်ကထက် ၇၇ ရာခိုင်နှုန်းနိမ့်ကျနေဆဲဖြစ်ကြောင်း၊ လေကြောင်းခရီးရှည်ပျံသန်းရသည့်နိုင်ငံများမှ ခရီးသွားများအပေါ်များစွာ မှီခိုနေရသည့် ဥရောပခရီးသွားဒေသများအတွက် ပြည်ပခရီးသွားဝင်ရောက်မှုတိုးတက်လာရေးမှာ အချိန်ယူရနိုင်ကြောင်း၊ ဥပမာအားဖြင့် ဥရောပသို့ အမေရိကန်ခရီးသည်များ ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ်ကထက် ၉၀ ရာခိုင်နှုန်း လျော့နည်းနေဆဲ ဖြစ်ကြောင်းသိရပါသည်။

ဥရောပတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ပြန်လည်မြင့်တက်လာခြင်း၊ ဆောင်းဥတု၌ဖြစ်ပွားတတ်သည့် ရာသီတုပ်ကွေးအပေါ်စိုးရိမ်မှုများကြောင့် ခရီးသွားလာမှုလျော့နည်းခြင်း၊ ခရီးသွားကန့်သတ်ချက်များ ပြန်လည်တင်းကျပ်ခြင်းတို့ ရှိလာနိုင်သဖြင့် လာမည့်လများ၌အီးယူအတွင်းခရီးစဉ်များ လျော့ကျနိုင်ဖွယ်ရှိသည်ဟုခန့်မှန်းထားပါသည်။ ကိုဗစ်-၁၉ဆိုင်ရာ ကန့်သတ်ချက်/မူဝါဒများ အမြဲပြောင်းလဲနေခြင်း၊ ဗိုင်းရပ်စ်ကူးစက်မှု ပြန်လည်ဖြစ်ပွားနေခြင်း၊ အီးယူ၏ colour-code travel system မှာ နိုင်ငံအလိုက်မတူကွဲပြားသဖြင့် ရှုပ်ထွေးမှုရှိခြင်းစသည့်အချက်များကြောင့် ပြည်ပခရီးသွားဝင်ရောက်မှု အပေါ်မှီခိုရသည့် ဥရောပခရီးသွားဒေသများအပေါ် ဆက်လက်သက်ရောက်မှုရှိနေဦးမည်ဟု European Travel Commission က ဖော်ပြထားပါသည်။ ရင်းမြစ် - https://www.brusselstimes.com/news/eu-affairs/192911/european-travel-wont-recover-to-pre-pandemic-levels-until-2024/

Source: ကျော်စိန်ဝင်း -စီးပွားရေးသံမှူး -ဘရပ်ဆဲလ်

## တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်နယ်စပ်ဂိတ်အား ၂၀၂၂ ခုနှစ် ဇွန်လကုန်တွင် အပြည့်အဝပြန်လည်ဖွင့်လှစ်နိုင်မည်

ဟောင်ကောင်ဒေသသည် ကန့်သတ်စောင့်ကြည့်မှုကင်းလွတ်သည့် ခရီးသွားလာမှုအတွက် နောက်အကျဆုံးအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်များ အပြည့်အဝဖွင့်လှစ်ရန်ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် နယ်စပ်ဂိတ်များပိတ်ထားခဲ့သဖြင့် ဒေသ၏စီးပွားရေးအပေါ်ထိခိုက်လျက်ရှိကြောင်း၊ ဒီဇင်ဘာလလယ်မှ စတင်၍ အဆင့် (၃) ဆင့်ဖြင့် နယ်စပ်ဂိတ်ဖွင့်လှစ်ရန် ဆောင်ရွက်သည့်စီမံကိန်း အဆင်ပြေချောမွေ့ပါက ၂၀၂၂ ခုနှစ်၊ ဇွန်လ ထက်စော၍ နယ်စပ်ဂိတ်များအား အပြည့်အဝပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသနယ်စပ်ရှိ ရှန်းကျန့်ဒေသမှစတင်၍ ခရီးသွားများဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လေကြောင်းဖြင့် ခရီးသွားလာမှုဖွင့်လှစ်ရန် စတင်ဆောင်ရွက်ခြင်းမရှိသေးကြောင်း၊ အစီအစဉ်ဆောင်ရွက်မှု အစောပိုင်းတွင် ကွမ်တုံးပြည်နယ်မှ ခရီးသွားများအတွက် အရေအတွက်ခွဲတမ်းအား တရုတ်ပြည်မကြီးမှကန့်သတ်ထားမည်ဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် သက်ကြီးရွယ်အိုများ အလည်အပတ်သွားရောက်မှုနှင့် ဈာပနအခမ်းအနားများ တက်ရောက်ရန်အတွက် သွားလာခွင့်ပြုမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Wiilliam Zheng နှင့် Jack Tsang က“ Full Reopening of Mainland Border ‘By June’”ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားခြင်း၊ ကိုဗစ်-၁၉ ကူးစက်မှုဆေးစစ်ထားခြင်း၊ ဟောင်ကောင်ဒေသ၌ အသုံးပြုသည့် ကူးစက်မှုများနှင့် ထိတွေ့မှုနောက်ကြောင်းလိုက်သည့် Leave Home Safe application မှတ်တမ်းများတင်ပြခြင်းနှင့် တရုတ်ပြည်မကြီးသို့ရောက်ရှိချိန်တွင် Health Code ရရှိရန် လျှောက်ထားခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ခရီးသွားအရေအတွက် ခွဲတမ်းကန့်သတ်ချက်ဖြင့် စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါဆောင်ရွက်မှုအဆင်ပြေသည့်အပေါ်အခြေခံ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခရီးသွားအရေအတွက် ပိုမိုခွင့်ပြုသွားမည်ဖြစ်ပြီး၊ ဇွန်လတွင်ခရီးသွားအရေအတွက် အကန့်အသတ်မရှိ အပြည့်အဝဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကူးစက်မှုနှုန်း အနည်းဆုံးဒေသအဖြစ် သတ်မှတ်မှုတွင် ၁၄ ရက်ကြာကာလအတွင်း ကိုဗစ်-၁၉ ကူးစက်မှု အတည်ပြုချက် ၁၀ ဦး အောက်နည်းပြီး ကိုဗစ်-၁၉ အစုလိုက်အပြုံလိုက်ကူးစက်မှုတွင် တစ်နေရာ တည်းတွင် ၅ ဦးအောက်နည်းသည့် ကူးစက်မှုတစ်ခုသာ ရှိရမည်ဖြစ်ကြောင်း၊ အဆိုပါရက်သတ္တပတ် ၂ ပတ်အတွင်း ကူးစက်မှုမှာသတ်မှတ်ချက်အရေအတွက်ထက်ကျော်လွန်ပါက ကူးစက်မှုနှုန်းမြင့်မားသည့်ဒေသအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် မိသားစုများကြာရှည်စွာ ခွဲခွာနေရမှုမှာ အချိန်ကာလ ၂ နှစ်ကျော် ကြာမြင့်ပြီဖြစ်သောကြောင့် ဒေသခံနှင့်နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များမှ နယ်စပ်ဂိတ်များပြန်လည်ဖွင့်လှစ်ရန် ပြောကြားလျက်ရှိသောကြောင့် ဟောင်ကောင်ဒေသအစိုးရအတွက် ဖိအားများဖြစ်ပေါ်လျက်ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်သွားလာမှု ကန့်သတ်ချက်များကြောင့် တရုတ်ပြည်မကြီးရှိ ရှန်ဟိုင်းမြို့၌ ကျင်းပပြုလုပ်မည့် တရုတ်နိုင်ငံနိုင်ငံတကာပို့ကုန်သွင်းကုန်ပြပွဲသို့ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ သွားရောက်နိုင်ခဲ့ခြင်းမရှိကြောင်း ရေးသားဖော်ပြထားပါသည်။ Source: အေးသီခိုင်-စီးပွားရေးသံမှူး-ဟောင်ကောင်

## ASEAN-Korea Startup Week အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ထွန်းသစ်စ Startup ကုမ္ပဏီများက နှစ်နှစ်ဆက်တိုက် ဆုများဆွတ်ခူးရရှိခဲ့

2021 ASEAN-Korea Startup Week အစီအစဉ်ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၌ အခြေပြု၍ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ (Online + Offline) Hybrid Format စနစ်ဖြင့်ကျင်းပခဲ့ပါသည်။ အဆိုပါအစီအစဉ်ကို ASEAN-Korea Centre (AKC) နှင့် Gyeonggi Center for Creative Economy & Innovation (GCCEI) တို့မှ ပူးတွဲကြီးမှူး၍ ASEAN Secretariat (ASEC)၊ ASEAN Coordinating Committee on Micro, Small & Medium Enterprises (ACCMSME)၊ Gyeonggi Center for Creative Economy & Innovation (GCCEI)၊ Ministry of SMEs & Startups of ROK(MSS) တို့၏ပံ့ပိုးမှု၊ ဆိုးလ်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏သံရုံးများ (ASEAN Embassies in Seoul -AES)၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ အာဆီယံ ၁၀ နိုင်ငံ မှ E-trade၊ E-Commerce၊ E-tourism၊ Artificial Intelligence (AI)၊ လယ်ယာစိုက်ပျိုးရေး၊ ဘဏ္ဍာရေးနှင့် ပညာရေးကဏ္ဍအသီးသီးမှ အဆိုပြု Startup ကုမ္ပဏီ ၂၉ ခုတို့ပါဝင်ခဲ့ကြသည့်အနက် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၈ ခုပါဝင်ခဲ့ကာ၊ Startup Online Challenge ကို အဆင့်ဆင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး၊ တောင်ကိုရီးယားနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများနှင့်လည်း Business Matching များကို ဆောင်ရွက်ခဲ့ကြပါသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား Award Ceremony ကို ၁-၁၂-၂၀၂၁ ရက်နေ့၊ ကိုရီးယားစံတော်ချိန် ၁၄:၀၀ နာရီမှ ၁၄:၃၀ နာရီအထိတွင် ဆိုးလ်မြို့၊ Mapo-Gu ရှိ DSM Art Hall ၌ကျင်းပပြုလုပ်ခဲ့ရာ AKC ၏ အတွင်းရေးမှူးချုပ် H.E. Mr. Kim Hae-yong၊ AKC (Trade & Investment Unit) မှတာဝန်ရှိသူများ၊ ဆိုးလ်မြို့ရှိ အာဆီယံသံရုံးအသီးသီးတို့မှ စီးပွားရေးသံမှူးများ တက်ရောက်ခဲ့ကြပါသည်။ နောက်ဆုံးအဆင့် အာဆီယံ Startup ကုမ္ပဏီ ၂၁ ခု ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော Online Challenge ပြိုင်ပွဲ၌ ကုမ္ပဏီများ၏တင်ပြမှုပေါ်တွင် သက်ဆိုင်ရာ အကဲဖြတ်ဘုတ်အဖွဲ့မှ စနစ်တကျ စိစစ်အကဲဖြတ်၍ ပထမဆု(အမေရိကန်ဒေါ်လာ ၃၀,၀၀၀) (၁)ဦး၊ ဒုတိယဆု (အမေရိကန် ဒေါ်လာ ၁၀,၀၀၀) (၁)ဦးနှင့် တတိယဆု (အမေရိကန်ဒေါ်လာ ၅,၀၀၀ စီ) (၂) ဦး၊ စုစုပေါင်း(၄)ဦးကို ရွေးချယ်ချီးမြှင့်ခဲ့ရာ၊ မြန်မာနိုင်ငံမှ **RecyGlo Co., Ltd.** က "Making the World A Cleaner Place" ခေါင်းစဉ်ဖြင့် ၎င်းတို့ကုမ္ပဏီ၏ Solid Waste Management & Data Analytics Platform ၏ Business Model နှင့် Business Idea များအား မိတ်ဆက်တင်ပြယှဉ်ပြိုင်၍ **တတိယဆု** (အမေရိကန်ဒေါ်လာ ၅၀၀၀)ကို ထိုက်တန်စွာဆွတ်ခူးရရှိခဲ့ပါသည်။

အဆိုပါ Award Ceremony သို့ မြန်မာသံရုံး၊ ဆိုးလ်မြို့မှ စီးပွားရေးသံမှူး တက်ရောက်၍ တတိယဆုရရှိသူကိုယ်စား ဆုPosterကို လက်ခံရယူပေးခဲ့ကာ၊ ဆုကြေးငွေအား AKC မှ သက်ဆိုင်ရာဆုရရှိသူများထံသို့ တိုက်ရိုက်ပေးပို့ပေးသွားမည် ဖြစ်ကြောင်း သက်ဆိုင်ရာ AKC တာဝန်ရှိသူထံမှ သိရှိရ ပါသည်။ ပထမဆုကို ကမ္ဘောဒီးယားနိုင်ငံမှ Jalat Logistics မှလည်းကောင်း၊ ဒုတိယဆုကို ထိုင်းနိုင်ငံမှ Eatlab ကလည်းကောင်း၊ ပူးတွဲ တတိယဆုကို စင်ကာပူနိုင်ငံမှ Trabble က လည်းကောင်း အသီးသီး ရရှိခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ထွန်းသစ်စ Startup ကုမ္ပဏီများသည် 2021 ASEAN-Korea Startup Week အစီအစဉ်တွင်ပါဝင်ခြင်းဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏စီးပွားရေးလုပ်ငန်းရှင်များနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ICT အခြေပြုတက်သစ်စလုပ်ငန်းရှင်များအကြား လက်ရှိဖြစ်ပေါ်နေသော နည်းပညာဆိုင်ရာသတင်းအချက်အလက်များကိုဖလှယ်နိုင်ခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံများကို လေ့လာနိုင်ခြင်း၊ တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံသူများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ခြင်းဖြင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများရရှိကာ အပြန်အလှန်လုပ်ငန်းများ တိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခဲ့ကြပါသည်။

ဤအစီအစဉ်တွင် အာဆီယံနိုင်ငံများအကြား မြန်မာနိုင်ငံက(၂)နှစ်ဆက်တိုက် ဆုရရှိခဲ့ခြင်းဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် Village Link Co., Ltd. က "ပထမဆု" ရရှိခဲ့ကာ၊ ယခု ၂၀၂၁ ခုနှစ်တွင် RecyGlo Co., Ltd. က "တတိယဆု" ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုနှစ်တွင်လည်း 2021 ASEAN-Korea Startup Week အစီအစဉ်သို့ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်သည့် အဆိုပြုကုမ္ပဏီအများဆုံး ဖြစ်ခဲ့၍ လိုအပ်သကဲ့သို့ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြပါသော မြန်မာသံရုံး၊ ဆိုးလ်မြို့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ရှိသူများကို AKC က ကျေးဇူးတင်ရှိပါကြောင်း AKC၏အတွင်းရေးမှူးချုပ်က မြန်မာသံရုံး၊ ဆိုးလ်မြို့၏ စီးပွားရေးသံမှူးသို့ သီးခြားဆွေးနွေးပြောကြားခဲ့ပါသည်။ အာဆီယံဒေသရှိ ထွန်းသစ်စ Startup လုပ်ငန်းများအား မြှင့်တင်ပေးသည့် အရှေ့တောင်အာရှဒေသရှိ Startup Unicorn များကိုမွေးထုတ်ပေးရာ ဤ ASEAN-Korea Startup Week အစီအစဉ်တွင် မြန်မာနိုင်ငံမှ (၂)နှစ်ဆက်တိုက် ဆုရရှိခဲ့မှုအား ဂုဏ်ယူစွာဖြင့်တင်ပြလိုက်ရပါသည်။

**Source:** ဝင်းပပသူ၊ စီးပွားရေးသံမှူး (မြန်မာသံရုံး၊ ဆိုးလ်မြို့)

## ATIGA e-Form D များ ယာယီရပ်တန့်အသိပေးကြေညာချက်

အာဆီယံနိုင်ငံများနှင့် ATIGA e-Form D ဆိုင်ရာအချက်အလက်များ အပြန်အလှန် လဲလှယ်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ တည်ဆောက်ထားသော National Single Window Routing Platform ASEAN Single Window (ASW) Gateway အသုံးပြုလျက်ရှိပါသည်။ ယခုအခါတွင် ASEAN Single Window (ASW) Gateway ၌ နည်းပညာဆိုင်ရာနှင့် လုံခြုံမှုဆိုင်ရာအဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် မမျှော်လင့်သည့် နည်းပညာဆိုင်ရာ အခက်အခဲများကြုံတွေ့ရသည့်အတွက် ၁၁-၁၁-၂၀၂၂ ရက်နေ့ နံနက် (၀၈:၂၆) နာရီ နောက်ပိုင်းမှ စ၍ ATIGA e-Form D များကို Electronic နည်းလမ်းဖြင့်ပေးပို့ခြင်း၊ လက်ခံခြင်းများ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ယာယီရပ်တန့်လျက်ရှိပါသည်။

အဆိုပါ နည်းပညာအခက်အခဲကိုအမြန်ဆုံးဖြေရှင်းနိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ် ရုံး၏ ASEAN Single Window ဆိုင်ရာတာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများ၏ ASW Gateway များ အတွက် တာဝန်ယူဆောင်ရွက်ပေးနေသော Software ကုမ္ပဏီတို့နှင့် ချိတ်ဆက်ကာ ဖြေရှင်းမှုများဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများသို့ ATIGA e-Form D အချက်အလက်များကို Electronic စနစ်ဖြင့်လဲလှယ်နိုင်မှု ယာယီရပ်ဆိုင်းနေမည် ဖြစ်ကြောင်းကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတဆင့် အာဆီယံနိုင်ငံများသို့ ညှိနှိုင်းအကြောင်းကြားမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ASW Gateway တွင် နည်းပညာအခက်အခဲအား ဖြေရှင်းဆောင်ရွက်နေစဉ်အချိန် အတွင်း မြန်မာနိုင်ငံအနေဖြင့် Paper Form D (Hardcopy) ကိုသာ ယာယီအဖြစ်လဲလှယ်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ယာယီရပ်တန့်နေသည့်အချိန်ကာလအတွင်း လူကြီးမင်းတို့၏ လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်လျက်ရှိသည့်အတွက် အနူးညွတ်တောင်းပန်အပ်ပါသည်။ အကောက်ခွန်ဦးစီးဌာန

Source: https://www.customs.gov.mm/node/496

# အထူးဆောင်းပါးများ

## ဂျာမနီနိုင်ငံ၏သရက်သီးဈေးကွက်အားလေ့လာခြင်း

ဂျာမနီနိုင်ငံတွင် သရက်သီးစားသုံးမှုသည် ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် မြင့်တက်လာခဲ့ပြီး Tropical fruits များထဲတွင် ငှက်ပျောသီးပြီးနောက် အီးယူနှင့် ဂျာမနီဈေးကွက်တွင် ဒုတိယအကြီးဆုံး သစ်သီးဝလံဈေးကွက်ဖြစ်လာခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သရက်သီးစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အရသာအမျိုးမျိုးရှိသည့် သရက်သီးများကို အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်တင်ပို့နိုင်သည့် အခွင့်အလမ်းများရရှိကြပါသည်။ ဂျာမနီနိုင်ငံသို့အများဆုံးဝင်ရောက်နေသော သရက်သီးအမျိုးအစားမှာ Mangifera indica ဖြစ်ပြီး အခြားအမျိုးအစားများမှာ Tommy Atkins, Kent, Haden နှင့် Keitt တို့ဖြစ်ပါသည်။ သရက်သီး၏ အရောင်အဆင်းမှာ အဝါ၊ အနီ၊ အစိမ်းရောင် စသည်ဖြင့်အမျိုးမျိုးကွဲပြား ခြားနားစွာရှိကြရာ ဂျာမန်စားသုံးသူများအနေဖြင့် အနီရောင်အခွံ အမျိုးအစားသရက်သီး(Tommy Atkins)ကို ပိုမိုကြိုက်နှစ်သက်ကြပြီး ဘရာဇီး၊ ပီရူး၊စပိန်နိုင်ငံတို့မှ တင်သွင်းလျက်ရှိပါသည်။ ယခုအခါ အစိမ်းရောင်အမျိုးအစား သရက်သီးများကိုလည်း ဈေးကွက်တွင် တင်သွင်းစားသုံးမှုပြုလာကြပါသည်။ သရက်သီးသည် နိုင်ငံဒေသများအလိုက် ထွက်ရှိသည့်ရာသီများ အမျိုးမျိုးကွဲပြားခြားနားကြရာ ဂျာမနီနိုင်ငံအတွက် အီးယူဒေသတွင် အဓိကသရက်သီးတင်သွင်းသည့် စပိန်နိုင်ငံတွင် နှစ်စဉ်စက်တင်ဘာလမှနိုဝင်ဘာလအတွင်းလည်းကောင်း၊ ဘရာဇီးနိုင်ငံတွင်နှစ်စဉ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်းလည်းကောင်း စိုက်ပျိုးထွက်ရှိပါသည်။

**သရက်သီးတင်သွင်းမှု၊ စားသုံးမှုအခြေအနေ**



**Mango varieties Keith, Tommy Atkins and Kent (from left to right)**


ဂျာမနီနိုင်ငံတွင်သရက်သီးစိုက်ပျိုးထုတ်လုပ်ခြင်းမရှိဘဲ ပြည်တွင်းစားသုံးမှုအတွက်ပြည်ပတင်သွင်းမှုကိုသာ အားထားရသည့်နိုင်ငံဖြစ်ပါသည်။ သရက်သီးအတွက် Harmonised System (HS) code သီးခြားမရှိဘဲ လတ်ဆတ်သီးနှံ သို့မဟုတ် အခြောက်ခံသရက်သီး၊ မာလကာသီးနှင့် မင်းဂွတ်သီး (Fresh or dried mangoes, guavas and mangosteens) တို့အတွက် HS code 08045000 ကို အသုံးပြုပါသည်။ ကုန်သွယ်မှုစာရင်းအင်း အချက်အလက်များကိုလည်း သရက်သီး၊

မာလကာသီးနှင့် မင်းဂွတ်သီး အုပ်စုအနေနှင့်ရရှိနိုင်ပြီး စုစုပေါင်းပမာဏနှင့်တန်ဘိုးတွင် သရက်သီးမှာ ၉၀ ရာခိုင်နှုန်း ကျော် ပါဝင်ပါသည်။

နယ်သာလန်နိုင်ငံသည် Re-exporter အနေနှင့် ဂျာမနီနိုင်ငံအတွက် အဓိကသရက်သီး တင်သွင်းသူဖြစ်ပြီး ၂၀၀၈ ခုနှစ် နောက်ပိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်ပို့မှုတိုးတက်လာပြီးနောက် အခြားအီးယူနိုင်ငံများ (စပိန်နှင့်ဘယ်လ်ဂျီယံနိုင်ငံမှအပ) မှ ဂျာမနီနိုင်ငံသို့ တင်ပို့မှုကျဆင်းခဲ့သည်။ ဂျာမနီနိုင်ငံသည် ၂၀၁၉ခုနှစ်တွင် သရက်သီးစားသုံးမှု တန်ချိန် ၈၁၀၀၀ ရှိခဲ့ပြီး ဂျာမနီ နိုင်ငံ၏ အရည်အသွေးစံနှုန်းသတ်မှတ်ချက်ကို ကောင်းစွာသိရှိသော နယ်သာလန်နိုင်ငံရှိ တင်သွင်းသူများမှတဆင့်ဝယ်ယူခြင်း ကို ပိုမိုပြုလုပ်ကြပါသည်။


အီးယူဒေသတွင် စပိန်နိုင်ငံသည် သရက်သီးထုတ်လုပ်သူဖြစ်ပြီး ပြန်လည်တင်ပို့သူ (Re-exporter)လည်းဖြစ်သည်။ ဂျာမနီနိုင်ငံအနေဖြင့်လည်း သရက်သီးဝယ်ယူတင်သွင်းမှု များပြားလာသောကြောင့် Re –export အနေဖြင့် Austria, the Netherlands, Switzerland, France, Italy, UK နိုင်ငံများသို့ ပြန်လည်တင်ပို့မှုများရှိလာခဲ့ပါသည်။ ဂျာမနီနိုင်ငံသို့ သရက်သီးတင်သွင်းနေသောနိုင်ငံများမှာ ပီရူး၊ ဘရာဇီး၊ တောင်အာဖရိက၊ ဂါနာ၊ အိန္ဒိယ၊ ထိုင်း၊ ပါကစ္စတန်နိုင်ငံတို့ဖြစ်ကြ ပါသည်။ ဂျာမနီနိုင်ငံရှိ သရက်သီးဈေးကွက်လမ်းကြောင်းများအခြေအနေကို အောက်ပါအတိုင်း လေ့လာ နိုင်ပါသည်-

Market Channels and Segments for Mangoes





ဂျာမနီနိုင်ငံအပါအဝင် အီးယူနိုင်ငံများ၏ ၂၀၁၅မှ ၂၀၁၉ခုနှစ်အတွင်း သရက်သီးတင်သွင်းမှုကို အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပါသည်-


Import development of Mangoes (incl.mangosteens,guavas) per country (in 1000 tonnes)




European Union (EU-28) imports of Mangoes (incl. mangosteens, gauavas)



Import and export of Mangoes(incl. mangosteens, gauavas) per country 2019 (in 1000 tonnes)




**ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များ**

